## ဂျပန်တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းသားများ မြန်မာနိုင်ငံသို့ လေ့လာရေးခရီး လာရောက်

ဂျပန်နိုင်ငံ Nagoya University Graduate School of Medicine နှင့် Graduate School of Health Sciences တို့မှ Dr.Midori ASANO (Professor of Nursing) ဦးဆောင်သော အဖွဲ့တို့သည် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လေ့လာရေးခရီး ရောက်ရှိခဲ့ကြကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်မှ ၂၄ ရက်နေ့တွင် ရောက်ရှိခဲ့ကာ အဆိုပါခရီးစဉ်တွင် နေပြည်တော်ရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်ရှိ Migidatharsi ဘုန်းတော်ကြီးသင် စာသင်ကျောင်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းခွင်များသို့ လေ့လာရေးခရီး ရောက်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ၌ မြန်မာနိုင်ငံသို့ ထပ်မံ၍ “Oversea Training” လေ့လာရေးခရီးစဉ်ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါခရီးစဉ်မှာ "Women Leaders Program to Promote Well-being in Asia" ဂျပန်နိုင်ငံ၊ Ministry of Education, Culture Sports, Science and Technology (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ ထောက်ပံ့မှုဖြင့် ၂၀၁၃ ခုနှစ်တွင် Program for Leading Graduate School ၏ အစီအစဉ်တစ်ခုအဖြစ် စတင်ခဲ့သော အစီအစဉ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်တာ ဘွဲ့လွန်သင်တန်းများဖြစ်ကြသည့် မဟာသိပ္ပံနှင့် ပါရဂူသင်တန်းများမှ ဘွဲ့လွန်သင်တန်းသူ သင်တန်းသားများသည် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများအပြင် ယခုအစီအစဉ်တွင်ပါဝင် တက်ရောက်ရန်လိုအပ်ပြီး ယဉ်ကျေးမှုပေါင်းများစွာ ရောထွေးနေသည့် လူမှုအဖွဲ့အစည်းများပါဝင်သော အာရှဒေသအတွင်းရှိ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်ဖြစ်သည်။

Nagoya Universty, Well-being program မှ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမအကြိမ် လေ့လာရေးခရီး လာရောက်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လ၌ ဒုတိယအကြိမ် လာရောက်ခဲ့ကာ ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**2017 年 3 月 21 日－25 日**

**ミャンマー視察**

4 期生を対象とした海外実地研修 1 の候補地として、事前視察のために教員 4 名、事務員 1 名がミャンマーを訪問した。ミャンマーの新首都であるネピドー市ではサステナビリティを目指し、農地開発などを行う寺子屋に訪問し、300 名ほどの子どもたちへ健康教育を行った。また、最大都市で旧首都でもあるヤンゴンでは、政府が推奨する農林水産地区を訪問し、近郊農業の形態や農民の生産活動を含めた農学分野の情報収集、輸出強化などの開発に関わる情報収集を行った。今回の訪問について、4 月 25 日発行の地元紙（Tomorrow news Journal, No.6 Vol.4）に掲載されたのでその写真を添付する。